# ကြာကြာသင်း

ရွှေပြည်တာန်



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အဖ ဦးစိန်မောင်၊ အမိ ဒေါ်ခင်ရီတို့ မှ ၁၉၄၂ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသ ဝါးခယ်မမြို့၌ မွေးဖွားခဲ့သည် ။ ရုပ်ရှင်မင်းသမီးကြီးမေရှင် သီဆိုခဲ့သည့် "ချစ်ရေစင်" သီချင်းထဲမှ "ကြူကြူသင်းတဲ့ ရွှေနှင်းဆီရယ်၊ ဆင်းရန့်ကမွှေးတယ်" ဟူသော စာသားကို နှစ်သက်၍ "ကြူကြူသင်း" ဟု ကလောင်အမည်ယူခဲ့သည် ။ အမည်ရင်းမှာ ဒေါ်ခင်သန်းဝင်းဖြစ်သည် ။

၁၉၅၇ ခုနှစ် (၈) တန်းကျောင်းသူဘဝ၌ တိုင်းရင်းမေဂျာနယ်တွင် ကဗျာများ ရေးသားခြင်းဖြင့် စာပေနယ်ပယ်သို့ စတင်ဝင်ရောက်ခဲ့သည် ။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည် ။

ယနေ့အထိ လုံးချင်းဝတ္ထု (၁၄) အုပ်၊ ဝတ္ထုတိုပေါင်းချုပ် (၁၅) အုပ်၊ ကဗျာပေါင်းချုပ်စာအုပ် (၁) အုပ်၊ ပြဇာတ်ပေါင်းချုပ်၊ (၂) အုပ်နှင့် ဆောင်းပါးပေါင်းချုပ် (၁) အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည် ။ ကဗျာတစ်ပုဒ်နှင့် ဝတ္ထုတိုအချို့ကို အင်္ဂလိပ်၊ ဂျပန်၊ ရုရှားဘာသာများ သို့ပြန်ဆို၍ သက်ဆိုင်ရာနိုင်ငံအသီးသီးတွင် ထုတ်ဝေဖြန့်ချိ ခဲ့သည် ။

"မြန်မာ့နဲ့" စာတမ်း၊ "မြတ်နိုးဖွယ်ရာ မြန်မာကဗျာများ " စာတမ်းနှင့် "၁၉၈၁ ခုနှစ် မတိုင်မီ အမျိုးသားရေး ညွှန်းဖွဲ့တေး" စာတမ်းစသည့် မြန်မာစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများကို ပြုစုရေးသားဖတ်ကြားခဲ့ပြီးဖြစ်သည် ။

၁၉၈၁ ခုနှစ်တွင် “ စံပယ်တစ်ကုံး ဂမုန်းတစ်ပွင့်” ဝတ္ထုတိုပေါင်းချုပ်ဖြင့်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် “ရွှေတံခါးကြီး ဖွင့်ပါဦးနှင့် အခြားပြဇာတ်များ ” စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် “သိင်္ဂါရ ရသ” ဝတ္ထုတိုစုစာအုပ်ဖြင့်လည်းကောင်း၊ အမျိုးသားစာပေဆု သုံးကြိမ်ရရှိခဲ့သည် ။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယအဆင့်) ကို ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အရှေ့တောင်အာရှစာပေ (The S.E.A Write Award) ဝတ္ထုတိုဆုကို ‘ဘဝရိပ်ရောင်’ ဝတ္ထုတိုစု (Shades of Life) စာအုပ်ဖြင့်ရရှိခဲ့သည် ။

ယခုအခါ ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်တွင် မိသားစုနှင့် အတူ နေထိုင်လျက်ရှိသည် ။

ကျေးဇူးတင်စကား

ဤ “ရွှေပြည်တန်”ဝတ္ထုထဲတွင် ဇာတ်ဆောင်အမျိုးသမီး၏ ရှင်သန်နေသော ပရဟိတလုပ်ငန်းများ သည် ကျွန်မငယ်နုစဉ်တကည်းက မက်ခဲ့ရသော ကျွန်မ၏ အိပ်မက်ပင်ဖြစ်ပါသည် ။

“ရွှေပြည်တန်”ဝတ္ထုသည် လွန်ခဲ့သော နှစ်ပေါင်း (၅၀) နီးပါး၊ ကျွန်မအသက် (၂၆) နှစ်က ရေးသားခဲ့သည့် ဝတ္ထုရှည်ဖြစ်ပါသည် ။ “မြင့်မိုရ်စာအုပ်တိုက်” မှ ထုတ်ဝေခဲ့ပြီး ဉာဏ်ပူဇော်ခ (၅၀၀) ကျပ် လက်ခံရရှိခဲ့သည် ကိုလည်း မှတ်မှတ်ရရ ရှိနေပါသည် ။ (ထိုစဉ်က ရွှေတစ်ကျပ်သားလျှင် ငွေကျပ် (၄၀၀) ခန့် ဈေးရှိပါသည် ။)

“မြင့်မိုရ်တိုက်သည်

ရုပ်ရှင်ဇာတ်လမ်း

အများ ဆုံးမွေးထုတ်ရာ

စာအုပ်တိုက်ဖြစ်သည် ”

ထိုသို့ကြွေးကြော်ကာ ကလောင်သစ်များ ၏ လုံးချင်းဝတ္ထုရှည်များကို ရဲရဲဝံ့ဝံ့ မြေတောင်မြှောက် ထုတ်ဝေပေးခဲ့သည် ။ “မြင့်မိုရ်စာအုပ်တိုက်” ကို ကျွန်မ ကျေးဇူးတင်စကား ဦးစွာဆိုလိုက်ရပါသည် ။ စာအုပ်ရောင်းဈေးမှာ (၂) ကျပ်ဖြစ်ပြီး အုပ်ရေ (၁၅၀၀) ရိုက်ပါသည် ။

ထိုစာအုပ်ကလေးသည် ကျွန်မစာအုပ်စင်ပေါ်မှ နှစ်ပေါင်းများ စွာပျောက်ကွယ်နေခဲ့ပါသည် ။ လွန်ခဲ့သော (၂) နှစ်ခန့်ကမှ ငယ်သူငယ်ချင်းဖြစ်သူ “ အစန်းလေး” (အငြိမ်းစား မြန်မာစာပါမောက္ခ ဒေါ်ခင်စန်း) က ထို “ရွှေပြည်တန်” စာအုပ်ကလေးကို ကျွန်မ၏ မွေးနေ့လက်ဆောင်အဖြစ် အမှတ်တရ ပြန်လည်ပေးအပ်ခဲ့ပါသည် ။ “မိကြူရဲ့ ကိုယ်ပိုင် ရတနာလေးကို မိကြူရင်ခွင်ထဲ ပြန်ပို့ပေးလိုက်တာပါ” ဟု လည်း “အစန်းလေး” က ကြည်ကြည်နူးနူး ပြောခဲ့ရှာပါသေးသည် ။ ယခု “ အစန်းလေး” ကွယ်လွန်ခဲ့ပါပြီ။ သူမရှိတော့သော်လည်း သူ့ကျေးဇူးကို မမေ့နိုင်သဖြင့် သူ့ကို ကျေးဇူးစကားဆိုမိပြန်ပါသည် ။ ဤဝတ္ထုရှည်ကို ရေးသားရာတွင် ကျွန်မကလောင်ကို စီးခဲ့သော စာပေဝိညာဉ်တစ်ခုရှိခဲ့ပါသည် ။ ထိုဝိညာဉ်မှာ စာရေးဆရာမကြီး “ဂျာနယ်ကျော်မမလေး”၏ စာပေဝိညာဉ်ဖြစ်ပါသည် ။ ဆရာမကြီး၏ ဝတ္ထုများကို အဖတ်အရှု အလေ့အလာထုံလွှမ်းလှသည့် ကျွန်မသည် ထိုသို့ဖြစ်ပျက်ခဲ့သည် ကို ငယ်နုစဉ်က သတိမထားမိခဲ့ပါ။ ယခု ဒုတိယအကြိမ်ပြန်လည်ထုတ်ဝေမည့် အခါကျမှ ထိုအချက်ကို ကျွန်မသတိထားမိလိုက်ခြင်းဖြစ်သည် ။

ကျွန်မဝတ္ထုထဲမှ ဇာတ်ကောင်မိန်းကလေးသည် ဘဝဒဏ်ကို ကြံ့ကြံ့ခိုင်နိုင်သော၊ ချစ်ခြင်းမေတ္တာအပေါ် သစ္စာရှိသော၊ တာဝန်သိစိတ်ပြည့်သော၊ ရဲရင့်ပြတ်သားသော၊ အတွေးအခေါ်ခေတ်မီသော၊ ပရဟိတလုပ်

နေ်းများကို စိတ်အားထက်ထက်သန်သန် ဆောင်ရွက်တတ်သော မြန်မာ မိန်းကလေးအဖြစ် မြင်တွေ့နေရသဖြင့် ကျွန်မကျေနပ်မိသည် က အမှန် ပင်။ သည့် အတွက် ဆရာမကြီး "ဂျာနယ်ကျော်မမလေး" ၏ စာပေဝိ ညာဉ်ကို ကျေးဇူးသိစွာ ဦးခိုက်မိပြန်ပါသည် ။

ထို့ပြင်...

စာအုပ်မျက်နှာဖုံးသရုပ်ဖော်ပုံကို စိတ်တိုင်ကျရေးဆွဲသည့် "ပန်းချီ ဝေမွန်လင်း" နှင့် စာအုပ်ထုတ်ဝေပေးသည့် ဦးလှတိုး (ရန်အောင်စာပေ) ကိုလည်း ကျေးဇူးတင်ရပါသည် ။ ဝယ်ယူအားပေးချီးမြှင့်ကြပါသော စာ ပေမိတ်ဆွေများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မေ တ္တာရှေ့ထား ကျေးဇူးစကားဆိုလိုက်ရပါသည် ။

ကြူကြူသင်း

*

# ရွှေပြည်တန်

၁၉၆၁ ခု။

မိကြိုင် လာစမ်း...။

အိမ်ကြီးရှင် ဒေါ်ခင်ခင်ဦးသည် သောက်လက်စ စီးကရက်မှ ပြာကို ပြာခံခွက်ထဲသို့ ခြွေချလိုက်ရင်း ခေါ်လိုက်၏။ လှပသွက်လက်သော လက်ချောင်းကလေးများ ၏ လှုပ်ရှားမှုကြောင့် ၊ လက်သူကြွယ်တွင် ဝတ်ထားသော လေးတန်းသွား စိန်လက်စွပ်အရောင်သည် တဖျတ်ဖျတ် တောက်သွား၏။ 'လာပါပြီဘုရား' ဟူသော အသံကလေးကို ချက်ချင်းပင် ကြားလိုက်၏။ နောက်မကြာမီ ငယ်ရွယ်သေးကွေးကြိုလှီသော ဆယ်နှစ်အရွယ်ကလေးမလေးတစ်ဦး ဒေါ်ခင်ခင်ဦးအပါးသို့ ရောက်လာကာ ကြမ်းပေါ်တွင် ကုပ်ကုပ်ကလေး ထိုင်လိုက်၏။

"ဘုရား..."

ဘုရား...ဘုရား...

ပထမထူးသူက အိမ်ဖော်မလေးမကြိုင်ဖြစ်ပြီး၊ ဒုတိယ ဘုရား...ဘုရားဟု ရင်တွင်းမှ တိတ်တခိုး ရေရွတ်လိုက်သူက ဒေါ်ခင်ခင်ဦး၏ ညီ့သည် ဒေါ်လွှမ်းမိုးပင်ဖြစ်လေသည် ။ နှစ်ယောက်စလုံးမှာ ဒေါ်တပ်၍ ခေါ်နေရသော်လည်း အသက်မှာ သုံးဆယ်ကျော်ရုံမျှသာ ရှိကြသေး၏။

အိမ်ရှင် ဒေါ်ခင်ခင်ဦး၏ ခင်ပွန်းသည် မှာ ဘိလပ်ပြန်အရာရှိ ဦးနေ

ဦးဖြစ်၍ ၊ ဒေါ်ခင်ခင်ဦးကိုယ်တိုင်ကလည်း ဘွဲ့နှစ်ခုရရှိသူ အထက်တန်းပြ ဆရာမကြီးဖြစ်သောကြောင့် ဒေါ်တပ်ခေါ်ရခြင်း ဖြစ်၏ ။ ဒေါ်လွှမ်းမိုးဆိုလျှင်လည်း အမျိုးသမီး ဆရာဝန်မ ဒေါက်တာလွှမ်းမိုး အနေဖြင့် လူသိများ ခဲ့သည် ။

ဒေါ်လွှမ်းမိုးသည် ဒေါ်ခင်ခင်ဦးကို ဦးနေဦးမှ တစ်ဆင့် သိကျွမ်းခဲ့ရခြင်း ဖြစ်သည် ။ သိကျွမ်းခဲ့သည် မှာ ကြာပြီဖြစ်သော်လည်း ယနေ့တွင် မှ အိမ်တိုင်ရာရောက် လည်ပတ်ခဲ့ဖူးခြင်းဖြစ်သည် ။ ဒေါ်ခင် ခင်ဦးက စီးကရက်ကို လှလှလေးဖွာလိုက် ပြန်သည် ။

“ခင်ခင်က ဒေါ်လွှမ်းမိုးနဲ့ အေးအေးဆေးဆေး စကားပြောချင်လွန်း လို့ ကိုကို့ကို မှာ နေတာကြာလှပြီ၊ ဒီနေ့မှ ပဲ ပြောခွင့်ရတော့တယ်၊ ဟဲ့- မိကြိုင်”

ဒေါ်ခင်ခင်ဦးက သူ့ကုလားထိုင်ဘေးနားတွင် ဒူးကလေးတုပ်ကာ ထို င်နေသော အိမ်ဖော်မလေးကို ခပ်ဆတ်ဆတ်ခေါ်လိုက်ပြန်သည် ။ “ဘု ရား” ဟု ထူးလိုက်မည့် အသံကို ရင်တထိတ်ထိတ်ဖြင့် နားစွင့်ရင်း ဒေါ် လွှမ်းမိုးက သက်ပြင်းကို ခိုး၍ ချလိုက်မိသည် ။ သည် တစ်ခါတွင် မူ အိ မ်ဖော်မလေးသည် မထူးတော့ဘဲ မျက်လုံးကလေးတစ်ချက် အသာလှန်ကြည့်လိုက်သည် ။ နောက် မျက်လွှာလေး ပြန်ချကာ ငြိမ်နေ ၏။

“ချစ်စုကို ပြောလိုက်၊ ဆယ့်တစ်နာရီမှာ ထမင်းပွဲအသင့်ရှိပါစေလို့ ၊ နောက်ပြီး ငါ့အိပ်ခန်းထဲကို ပန်းအိုးပြန်ပို့ဦး၊ မနက်က အိပ်ရာထတော့ ရှူစရာ ရှိုက်စရာ ပန်းကလေးတောင် မရှိဘူး၊ ဩော်-ငါမေ့နေလိုက်တာ၊ ငါညကျသွားစရာတစ်ခု ရှိသေးတယ်၊ ငါ့ပြင်သစ်ဇာဖဲအင်္ကျီအနက် ပျော က်နေတာ ဗီရိုတွေထဲမှာ ရှာထားလိုက်စမ်း၊ အခု နောက်ဖေးထက် ဝင်ဝ

င်ခြင်း၊ လိမ္မော်ရည်နှစ်ခွက် လာပို့လှည့်”

မိကြိုင်မှာ ထိုင်ရာမှ ခပ်ယို့ယို့ကလေးရပ်ကာ ခါးကလေးညွတ်၍ နောက်ဖေး ဘက်သို့ ထွက်သွားသည် ။

“အညာဘက်က ခေါ်ထားတာလေ၊ ရှစ်နှစ်သမီးကတည်းကပဲ၊ အခု လေးနှစ်တောင်ရှိသွားပြီ၊ ဘာမှ မည်မည်ရရ မလုပ်တတ်သေးဘူး၊ လူ မွေးရတာလည်း စိတ်ညစ်စရာပဲ ဒေါ်လွမ်းမိုးရေ၊ ကိုကိုရော ခင်ခင်ရော အ လုပ်သွားရတာ မမွေးလို့ လည်း မဖြစ်ဘူး၊ ကလေးနှစ်ယောက်တာဝ န်ကလည်း ရှိသေးတယ် မဟုတ်လား”ဒေါ်လွမ်းမိုးက မကြိုင်ကို စေ့စေ့စ ပ်စပ် လိုက်ကြည့်နေသည် ကို တွေ့သွားသောကြောင့် ဒေါ်ခင်ခင်ဦးက ခ ပ်ညည်းညည်းကလေး ပြော လိုက်လေသည် ။ ကလေးနှစ်ယောက်တာဝ န်ဆိုသဖြင့် “ ဆယ့်နှစ်နှစ်သား တစ်ယောက်နှင့် ရှစ်နှစ်သားတစ်ယော က်အတွက် ထွေလာ-ကေလာကိစ္စတော့ သိပ်မများ တန်ပါဘူး၊ သူ့အိမ်မှာ မကြိုင်ပါနဲ့ တွေ့ရတာ အိမ်ဖော်လေးယောက်တောင် ရှိနေပါ ပကောလား” ဟူ၍ လည်း တွေးလိုက်မိသေး၏။ သို့တိုင် ကားမောင်းသူ နှင့် ပန်းပင်ရေလောင်းသူ မပါသေး၊ သူတွေးနေဆဲ မကြိုင်က ငွေရောင် ဗန်းကလေးကို မယူလာသည် ။ ဗန်းပေါ်တွင် ဖန်ခွက်နှစ်လုံး၊ ဖန်ချိုင့်အ သေးကလေးတစ်ခု ပါ လာလေသည် ။

“ထမင်းစားဖို့ က တစ်နာရီကျော်ကျော် လိုသေးတာပဲ၊ လိမ္မော်ရည် လေး သောက်လိုက်ပါဦး၊ ပြီးမှ ခင်ခင့်အချစ်တော်ကလေးတွေ လိုက်ပြရ ဦးမယ်၊ ခင်ခင်က ခွေးကလေးတွေ၊ ကြောင်ကလေးတွေ ငှက်ကလေး တွေကို သိပ်ချစ်တာ ဒေါ်လွမ်းမိုးရဲ့ ၊ ခင်ခင့်မှာ ကြက်တူရွေးနဲ့ သာလိ ကာကချည်း ဆယ်ကောင်ရှိတယ်။ ခွေးစုပ်ဖွားကလေး အဖြူတစ်စုံနဲ့ ၊ ယိုးဒယားကြောင်ကလေးတွေက လေးကောင်လေ၊ ဟောပြောရင်းဆိုရ

င်း ဟဲ့ မိကြိုင်-'ကိုဝါ' အပေါ်က ခုန်ချတော့မယ်၊ ဇန်းဖယ်ထားလိုက်စမ်း ”

ကြောင်အဝါကျားကြီး တစ်ကောင်က ရေဒီယိုစင်ပေါ်မှ ခုန်ချမည့်ဟန် ပြင်နေကြောင်း မြင်သဖြင့်၊ ဒေါ်ခင်ခင်ဦးက ကြောင်ကြီးခုန်ချမည့် စားပွဲပုလေးပေါ်ရှိ လိမ္မော်ရည်ဇန်းကို ဖယ်ခိုင်းလိုက်သည် ။ မကြိုင်က ဇန်းကိုယူမည်ဟု လက်လှမ်းလိုက်ကာရှိသေး၊ ကြောင်ကြီးက ဝုန်းခနဲ ခုန်ချလိုက်သဖြင့် ဇန်းထဲရှိ ဖန်ခွက်နှစ်ခု ပြောင်နေသော ကြမ်းပြင်ပေါ်သို့ ကျကာ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားတော့သည် ။

"ကြည့်စမ်း၊ ငါသတိပေးထားလျက်သားနဲ့ သွားပါပြီ၊ သွားပါပြီ၊ ဒီဖန်ခွက်တစ်စုံဟာ ဦးမြတ်ကတော် ဂျပန်ကပြန်လာတုန်းက လက်ဆောင်ပေးထားတဲ့ ဖန်ခွက်စုံအေ့၊ ပြောပြောချင်း လှမ်းမယူနိုင်ရအောင် ညည်းလက်က ရွှေချထားတာမို့လားဟင်၊ နေနှင့် ဦးညည်းတော့"

မကြိုင်ကမျက်စိပျက်မျက်နှာပျက်ကာ ကြောင်နေသည် ။ ခဏကြာမှ လုပ်မိလုပ်ရာ လက်နှစ်ဖက်နှင့် ဖန်ခွက်အကွဲ ကလေးများကို ကျုံးယူနေပြန်သည် ။

ဟဲ့-ဟဲ့... လက်ရှကုန်ပါဦးမယ် မကြိုင်ရဲ့ ”

ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်ကာ ဖန်ခွက်အကွဲများကို လက်ချည်းဗလာသက်သက် ကျုံးယူနေသော မကြိုင်ကို ဒေါ်လွှမ်းမိုးက တားလိုက်မိသည် ။

ဒေါ်ခင်ခင်ဦးက မကြိုင်ကို မျက်စောင်းထိုးလိုက်ရင်းက

"ဖြစ်ပြီးမှ ဖြင့် ဒီအတိုင်း လူမြင်မကောင်းအောင် ကြောက်လန့်ပြမနေပါနဲ့ ၊ သွား အိန္ဒိယကလာတဲ့ ဖန်ခွက်နဲ့ အသစ်ပြင်ချေစမ်း"

"ဟာ…နေပါစေတော့ ဒေါ်ခင်ခင်ဦးရယ်၊ ကျွန်မလည်း ဘာမှ မသောက်ချင်လှပါဘူး၊ တော်ကြာ ထမင်းစားတော့မှာ ပဲ"

တကယ်လည်း သောက်လိုစိတ် မရှိတော့ပေ။ ဒေါ်ခင်ခင်ဦးပြောနေသည့် လေသံက ဧည့်သည် ကို စေတနာထား၍ လိမ္မော်ရည်တိုက်သည်နှင့် မတူဘဲ မိမိ အိမ်ရှိ ဖန်ခွက်စုံတို့ ကို ထုတ်၍ အမွှမ်းတင်ပြသလိုနှင့် တူနေသည် မဟုတ်ပါလား။

"အားတော့မနာနဲ့ နော် ဒေါ်လွှမ်းမိုး၊ ဘီအက်ဟု မ်း-ခင်ခင်အဝတ်လဲလိုက်ဦးမယ်၊ ပြီးတော့ ခြံထဲဆင်းကြတာပေ့ါ၊ ခဏကလေးနော်၊ မိကြိုင်လာစမ်း"

မကြိုင်ခမျာ သံပတ်ပေးထားသည့် စက်ရုပ်သဖွယ် ဒေါ်ခင်ခင်ဦးနောက်ပါးမှ ကပ်လျက်သားပါသွားတော့သည် ။ သည် တော့မှ ပင် ဒေါ်လွှမ်းမိုးက သက်ပြင်းတစ်ချက်ချရင်း စိတ်သက်သာရာ ရသွားပေတော့၏။ တကယ်ဆိုလျှင် သည် ခမ်းနားထယ်ဝါလှသော အိမ်ကြီးပေါ်တွင် သူတစ်ခဏမျှပင် မနေလိုတော့ပါချေ၊ သည် လို ရှုခင်းရှုကွက်များကို သူမကြည့်ရက်သည် မှာ အမှန်ပင်ဖြစ်ပါ၏။ ဖြစ်နိုင်ပါက ချက်ချင်းပင်ထ၍ ပြန်ချင်စိတ်ပေါက်လာမိသည် ။ ခဏကလေးနော်ဟူ၍ ခွင့်ပန်သွားသော ဒေါ်ခင်ခင်ဦးသည် နာရီဝက်ကြာမှ ဧည့်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာပါ၏။

"အိုကေ…ခင်ခင်တို့ ခြံထဲဆင်းကြစို့လား"

ခြံထဲသို့ရောက်သောအခါ ဒေါ်ခင်ခင်ဦးက သူ့အတွက်နှင့် သူစိုက်ထားသော နှင်းဆီပန်း၊ သစ္စာပန်းစသည် တို့ ကို ဂုဏ်ယူသောလေသံဖြင့် ပြောဆိုရင်း လိုက်လံပြသသည် ။ သူမွေးထားသော လှောင်အိမ်ကျယ်ကြီးများ အတွင်းရှိ ကြက်တူရွေးကလေးများ ၊ သာလိ

ကာကလေးများကိုလည်း ပြသည် ။ ကြက်တူရွေးလေးတစ်ကောင်မှာ “ခင်ခင်…ခင်ခင်” ဟု ပင် ပီပီသသခေါ်တတ်နေပြီ ဖြစ်သည် ။ ဤသည်ကို ဒေါ်ခင်ခင်ဦးက တပြုံးပြုံးနှင့် သဘောကျနေတော့သည် ။ ခြံထဲတွင် လှည့်ပတ်လျှောက်ကြရင်း စပယ်ရုံကြီးဘေးတွင် ရှိုက်ကာရှိုက်ကာ ငိုနေသော မကြိုင်ကိုတွေ့လိုက်ရသည် ။

“အို…”

မကြိုင်က သူ့ဘေးနားတွင် “အို” ဟု ဆိုရင်း သူ့ကို ကရုဏာသက်စွာကြည့်နေသော ဒေါ်လွှမ်းမိုးအား ရုတ်တရက်တွေ့လိုက်ရသဖြင့် ထိတ်သွားသည် ။ ဒေါ်လွှမ်းမိုးနောက်မှ မျက်နှာထားတင်းတင်းဖြင့် ကြည့်နေသော ဒေါ်ခင်ခင်ဦးကို တွေ့လိုက်ရသောအခါတွင် ကား မျက်လုံးကလေးများ ဝိုင်းဝိုင်းလည်သွားသည် အထိ လန့်သွားရှာသည် ။

နောက် ကမန်းကတန်းကြီးပင် မျက်ရည်များကို သုတ်ပစ်လိုက်ပြီးနေရာမှ ထရပ်လိုက်သည် ။

“ဘာဖြစ်လို့ ငိုနေတာလဲ မကြိုင်ဟင်”

ဒေါ်လွှမ်းမိုးက သနားစိတ်ကြီးမားလှစွာဖြင့် မေးလိုက်မိသော်လည်း မကြိုင်က ဘာမျှပြန်မဖြေချေ။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးကြီးများဖြင့်သာ ဒေါ်လွှမ်းမိုးကို တစ်လှည့် ဒေါ်ခင်ခင်ဦးကို တစ်လှည့်ကြည့်နေပါသည် ။

“အလကားကောင်မလေး၊ သွား သွားစမ်း၊ သူက ဒီလိုပဲ ဒေါ်လွှမ်းမိုးရဲ့ ၊ သူ့အိမ်သူအောက်မေ့ရင် ဒီလိုပဲ ငိုငိုနေတတ်တယ်။ ခင်ခင်က ဒါတွေစိတ်တိုင်းမကျတာပေါ့”

သွားစမ်းဆိုကတည်းက မကြိုင်ခမျာ ခေါင်းကလေးငုံ့ကာ နောက်

ဖေးတန်းလျှားဘက်ဆီသို့ ထွက်သွားပြီဖြစ်လေသည် ။ ဒေါ်ခင်ခင်ဦးသည် မကြိုင်နှင့် ပတ်သက်၍ စကားပြေပြထိုးနေသော်လည်း ၊ ဒေါ်လှမ်းမိုးက အဖြစ်မှန်ကို ရိပ်မိသိရှိလိုက်သည် ဖြစ်ပါသည် ။ စောစောက ဒေါ်ခင်ခင်ဦး မကြိုင်ကိုခေါ်၍ အိမ်ထဲကိုဝင်သွားခြင်းသည် ဧကန်ဧက ပြောရလျှင် ဖန်ခွက်ကွဲသွားသောကြောင့် မကြိုင်ကိုဒဏ်ပေးရန် ခေါ်သွားခြင်းဖြစ်သည် ဟု သူယုံကြည်လိုက်မိသည် ။ မည်ကဲ့သို့သော အပြစ်ဒဏ်မျိုး ဖြစ်လိမ့်နည်းဟူ၍ လည်း တွေးတောနေမိသည် ။ အနည်းဆုံး ပေါင်းတွင်းကြော ပြတ်လုမတတ် လိမ်ဆွဲခြင်းတော့ ခံရရှာပေမည်ဟု တွေးကာလည်း သနားစိတ်ဖြစ်ပေါ်လာမိသည် ။

ဒေါ်လှမ်းမိုးသည် မကြိုင်အကြောင်း တနုံ့နုံ့ တွေးနေမိသဖြင့် ထမင်းကိုပင် ကောင်းစွာ မစားနိုင်တော့ပေ။ ထမင်းပွဲတွင် မကြိုင်ကို တွေ့ရသောအခါ၊ ဒေါ်လှမ်းမိုးမှာ အံ့ဩသွားမိပြန်သည် ။ စောစောက မျက်ရည်လည်ရွှဲရှိုက်ကြီးတငင် ငိုနေသော မကြိုင်သည် ခဏလေးအတွင်းမှာပင် သနပ်ခါးတွေ အဖွေးသားနှင့် သွားကလေးပေါ်လာအောင် ရယ်ပြုံးရင်း၊ ဟင်းပွဲများ ချနေသည် ကို တွေ့ရသောကြောင့် ဖြစ်၏။

ဤသည် ကား မကြိုင်ကို ဒေါ်လှမ်းမိုး ပထမဦးဆုံးအကြိမ် တွေ့ခဲ့ရစဉ်ကဖြစ်သည် ။

ဒုတိယအကြိမ် မကြိုင်ကို ဒေါ်လှမ်းမိုးတွေ့ရသည် မှာ ဒေါ်လှမ်းမိုး၏ ဆေးတိုက်တွင် ဖြစ်လေသည် ။ လွယ်အိတ်နွမ်းကလေးကို ပခုံးတွင်လွယ်ကာ မျက်နှာလေး ညှိုးငယ်လှစွာဖြင့် ဆေးခန်းအတွင်းသို့ဝင်လာသော မကြိုင်ကို ဒေါ်လှမ်းမိုးက စူးစမ်းသောအကြည့်ဖြင့် ကြည့်မိသည် ။

“ကျွန်..ကျွန်…ကျွန်မအိမ်က ထွက်ပြေးလာခဲ့တာ။ မမ ကျွန်မကို သူ

တို့ ဆီ ပြန်မပို့ပါနဲ့ နော်”

နှုတ်ခမ်းကလေးများက တဆတ်ဆတ်တုန်ယင်နေ၏။ မျက်လုံးက လည်း နောက်ကြောင်းကို စိတ်မချသကဲ့သို့ ကလယ်ကလယ်ဖြင့် ဝိုင်းဝိုင်းလည်နေရှာသည် ။ ဒေါ်လွှမ်းမိုး၏ ကုလားထိုင်ဘေးတွင် ကျုံ့ကျုံ့ကလေးထိုင်ရင်း သူ့အဖြစ်ကို ပြောပြရှာသည် ။ ပထမဒေါ်ခင်ခင်ဦးတို့ မန္တလေးတွင် နေထိုင်ခဲ့ကြစဉ်က တစ်လလျှင် ငွေကျပ် နှစ်ဆယ်ဖြင့် သူ့ကို အဖော်အဖြစ်ခေါ်ယူထားခဲ့ကြောင်း၊ မုံရွာရှိသူ့ကြီးတော်မှာ လည်း နွမ်းပါးသူဖြစ်သဖြင့် သူ့ကို မကျွေးမွေးနိုင်သောကြောင့် ဤကဲ့သို့ သူတစ်ပါးအိမ်တွင် ထားရခြင်းဖြစ်ကြောင်း၊ နောက်မန္တလေးမှ ရန်ကုန်သို့ ပြောင်းလာသောအခါ သူ့ကိုရန်ကုန်တွင် ကျောင်းထားပေးမည်၊ သမီးရင်းသဖွယ် စောင့်ရှောက်မည်ဟု ပြောဆို၍ သူ့ကြီးတော်ကို ငွေတစ်ရာပေးကာ သူ့ကို အပါခေါ်လာခဲ့ခြင်းဖြစ်ကြောင်းတို့ ကို ငိုရှိုက်ရင်း ပြောလေသည် ။

“ရန်ကုန်ရောက်တာ နှစ်နှစ်ရှိပါပြီအစ်မရယ်၊ ကျွန်မ ခုထိဘယ်ကျောင်းမှ လည်း မနေရသေးပါဘူး။ ကျောင်းဝေးလို့ အိမ်မှာတောင် ဘာစာမှ မသင်ပေးပါဘူး။ မနက်မိုးလင်းတာနဲ့ သူ့အိမ်ခန်းထဲကို ပန်းအိုးပို့ရတယ်။ ပြီး ကိုချစ်စုနဲ့ အတူ ဈေးကို လိုက်သွားရတယ်။ ဈေးကပြန်ရောက်တော့ ဒေါ်ရှမ်းနဲ့ အတူ မီးဖိုဆောင်မှာ ကူလုပ်ပေးရတယ်။ နောက် ဒေါ်ရှမ်းချက်နေတုန်း ကျွန်မက ကိုကိုကြီးနဲ့ ကိုကိုလေးတို့ အိပ်ရာသိမ်းရတယ်။ ကော်ဖီပြင်ပေးရတယ်။ ဒါပြီးတော့ မမခင်အတွက် သနပ်ခါးတစ်ကျောက်ပြင် သွေးပေးရသေးသည် ။ အိုအစ်မရယ် ...၊ ဟိုတစ်ခါ အစ်မလာတုန်းက ကျွန်မကြောင့် ဖန်ခွက်ကွဲသွားလို့ လုပ်ထားတာလေ”

ပြောပြောဆိုဆို မကြိုင်က သူ့လက်မောင်းလေးပေါ်မှ ဒဏ်ရာခပ်ညို ညိုလေးများကို ပြလိုက်သည် ။

"ဆေးလိပ်မီးနဲ့ ထိုးတာလေ အစ်မရယ်၊ သုံးချက်တောင်မှ ပဲ"

"အို"

ဒေါ်လွှမ်းမိုးက မကြိုင်ဘေးနားတွင် ထိုင်လိုက်မိတော့သည် ။ မကြို င်၏ လက်မောင်းကလေးကိုလည်း အသာအယာ ဆွဲယူပွတ်သပ်ပေးလို က်မိသည် ။

"ဟိုတစ်ခါတုန်းကလည်း ကျွန်မကြောင့် ပန်းကန်တစ်ချပ် ကွဲသွား တာ၊ လက်ဆစ်ကို ခေါက်လိုက်တာ အစ်မရယ်၊ နှစ်ရက်လုံးမလှုပ်နိုင် ဘူး၊ လက်ကိုရောင်နေတာပဲ။ ခုမနက်တော့ ကျွန်မကြောင့် သူ့အခန်းထဲ က ပန်းအိုးကြီးကွဲသွားတယ်အစ်မရဲ့ ၊ ကျွန်မတော့ သေချင်တာပါပဲအစ် မရယ်၊ ကြောက်လိုက်ရတာလည်း လွန်ပါရော၊ သူသိရင် ကျွန်မ သက် သာမှာ မဟုတ်ဘူအစ်မရဲ့ ၊ ဘာလုပ်ရမှန်းလည်း မသိဘူး၊ နောက်မှ သ ဘောကောင်းတဲ့ အစ်မကိုသတိရပြီး ကျွန်မကို သူတို့ ဆီပြန်မပို့ပါနဲ့ နော်အစ်မ၊ ကျွန်မ အစ်မအိမ်မှာ အစေခံဘဝနဲ့ ပဲ နေပါ့မယ်အစ်မရယ်၊ အစ်မခိုင်းသမျှ ကျွန်မအားလုံးလုပ်ပေးမယ် ဘုရားစူးရပါစေရဲ့ တကယ်ပြောတာပါ အစ်မရယ်၊ အစ်မဆီမှာ နေရရင် ကျွန်မဘာပဲလုပ် ပေးရ လုပ်ပေးရလုပ်ပေးပါ့မယ်၊ သူတို့ ဆီကိုတော့ ပြန်မသွားရပါစေနဲ့ နော်"

ဒေါ်လွှမ်းမိုးက မျက်ရည်ကလေး တလည်လည်ဖြင့်ပြောနေသော မကြိုင်ကို စေ့စေ့ကြည့်ရင်း သူပါ ဝမ်းနည်းလာမိလေ၏။ တုန်တုန်ယင် ယင် ကယောင်ချောက်ချားဖြစ်နေသော မကြိုင်၏ ပခုံးကလေးကိုဖက်၍ နှစ်သိမ့်လိုက်မိ၏။ ရင်နာဖွယ်ကောင်းလှသော မကြိုင်၏ ဘဝကို

သနားကြင်နာမဆုံးဖြစ်မိ၏။ စိတ်ဆင်းရဲ ပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်ကူညီပေးနေရသော်လည်း သူ၏ အနာဂတ်အတွက်မှာ မူ မည်သည့် အာမခံချက်မျှ မရှိပါချေကလားဟူ၍ လည်း တွေးကာ စိတ်မောမိ၏။

"ကဲပါကွယ်-ငိုမနေပါနဲ့ တော့၊ မကြိုင်ကို မမဆီမှာ ပဲ ထားပ့ါမယ်၊ စိတ်အေးအေးသာ နေပေတော့ ဟုတ်လား၊ ဒီနေ့ကစပြီး မကြိုင်ဟာ မမရဲ့ ညီမလေးဖြစ်သွားပြီလို့ မှတ်ထားလိုက်ပေတော့နော်၊ ဟိုအိမ်နဲ့ ပတ်သက်ပြီး ဖြစ်လာမယ့် ကိစ္စတွေကိုတော့ မမဘာသာ ကြည့်ရှင်းလိုက်ပ့ါမယ်၊ ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းချမ်းသာသာနဲ့ နေဖို့ သာ ကြိုးစားပေတော့ကွယ်"

မကြိုင်သည် မျက်ရည်မခြောက်တခြောက်နှင့် ပင် ဝင်းဝင်းပပက လေး ပြုံးလိုက်ရှာသည် ။

*